နောက်ဆက်တွဲ (က)

## ၂၀၁၇ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၇ ၏ အမိန့်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် (၇/၂၀၁၇)၊ စိန်ကမ္ဘာ ချည်မျှင်စက်ရုံ ပိုင်ရှင် ဦးစိုင်းထွန်းရွှေနှင့် ခုံသမာဓိကောင်စီ၊ နေပြည်တော် ပါ (၆)ဦး အမှုအား ၄-၁၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ကြီးတံခွန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သည် ပြေငြိမ်းမှုမရရှိသော တစ်ဦးချင်းအငြင်းပွားမှုကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက် ထားနိုင်ကြောင်း အငြင်းပွားသူများထံ အသိပေးအကြောင်းကြားရန် ဖြစ်ပါလျက် မန္တလေးတိုင်း ဒေသကြီး ခုံသမာဓိအဖွဲ့သို့ အမှုတွဲလွှဲပြောင်းပေးပို့ခြင်းသည်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သည့် အငြင်းပွားမှုသည် တစ်ဦးချင်းအငြင်းပွားမှုဖြစ်ပါလျက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ပြန်လည်ပေးပို့ခြင်းမရှိဘဲ ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ခြင်းနှင့် ယင်းဆုံးဖြတ်ချက်အပေါ် ခုံသမာဓိကောင်စီက ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့ခြင်းတို့သည်လည်းကောင်း၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်တို့ နှင့် ညီညွတ်ခြင်းမရှိကြောင်း ထင်ရှားသည်။ ထို့ကြောင့် ဤတရားမအထွေထွေ လျှောက်ထားမှုကို ခွင့်ပြုသည်။ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အငြင်းပွားမှုအမှတ် ၁၂/၂၀၁၆ ၏ ၂၀-၁၀-၂၀၁၆ ရက်စွဲပါ ဆုံးဖြတ်ချက်နှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ ၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့် အငြင်းပွားမှုအမှတ် ၈၂/၂၀၁၆ ၏ ၂၂-၁၁-၂၀၁၆ ရက်စွဲပါဆုံးဖြတ်ချက်တို့ကို အမှုခေါ်စာချွန်တော် အမိန့်ထုတ်ဆင့် ပယ်ဖျက်လိုက်သည် ဟု အမိန့်ချမှတ်ခဲ့ပါသည်။